# ၆။ ဘုရားသခင်၏ကွယ်ကာစောင့်မခြင်း

ဆာလံ ၁၂၁၊ ၁၂၃

ငါ့ကိုမစခြင်း အကြောင်းသည် ပေါ်ထွက်ရသော တောင်ရိုးသို့ ငါမျှော်ကြည့်၏။

**ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရား ထံတော်မှ ငါ့ကို မ စခြင်း အကြောင်းသည် ပေါ်ထွက်ရ၏။**

သင်၏ခြေကို ချော်စေခြင်းငှာ အခွင့် ပေးတော်မမူ။ သင့်ကိုစောင့်သော သူသည် အိပ်တော်မမူ။

**အကယ်စင်စစ် ဣသရေလ အမျိုးကို စောင့်သော သူသည် ငိုက်မျည်း အိပ်ပျော်ခြင်း ရှိတော် မမူ။**

ထာဝရ ဘုရားသည် သင့်ကို စောင့်တော်မူ၏။ ထာဝရ ဘုရားသည် သင်၏ လက်ယာဘက်၌ ရှိသော သင်ခိုလှုံရာ အရိပ် ဖြစ်တော်မူ၏။

**နေ့အချိန်၌ နေအားဖြင့်လည်းကောင်း၊ ညဥ့်အချိန်၌ လအားဖြင့်လည်းကောင်း အထိအခိုက် မရှိရာ။**

ထာဝရဘုရားသည် မကောင်းသော အမှုအရာ အလုံးစုံတို့ကို ကွယ်ကာ၍ သင်၏ အသက်ကို စောင့်တော် မူလိမ့်မည်။

**ထာဝရဘုရားသည် သင်၏ ထွက်ခြင်းနှင့် ဝင်ခြင်းတို့ကို ယခုမှစ၍ အစဉ်မပြတ် စောင့်တော် မူလိမ့်မည်။**

ကောင်းကင်ဘုံ၌ ကိန်းဝပ်တော် မူသောဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် မျှော်ကြည့်ပါ၏။

**ကျွန်ုပ်တို့သည် သခင်လက်ကို လည်းကောင်း၊ ကျွန်မတို့သည် သခင်မ လက်ကို လည်းကောင်း မျှော်ကြည့်သည့်နည်းတူ၊ အကျွန်ုပ်တို့သည် ကယ်မ သနားတော်မူခြင်း ကျေးဇူးကို မခံမီတိုင်အောင်၊ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရ ဘုရားကို မျှော်ကြည့်လျက် နေကြပါ၏။**

အို ထာဝရဘုရား ကယ်မ သနားတော် မူပါ။ အကျွန်ုပ်တို့သည် အလွန် အရှက်ကွဲခြင်းကို ခံရပါသည်ဖြစ်၍ ကယ်မ သနားတော် မူပါ။

**မထီမဲ့မြင်ပြုသော သူတို့၏ ကဲ့ရဲ့ခြင်းကိုလည်းကောင်း၊ မာနကြီးသော သူတို့၏ အရှက် ခွဲခြင်းကို လည်းကောင်း၊ အကျွန်ုပ်တို့၏ ဝိညာဉ်သည် အလွန်ခံရပါ၏။**

၈၁